# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 1 , 2026 Volume 103 , Number 1


| ၁. ၆. ၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၇.၉၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၆၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၇.၅၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၆ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကုန်သွယ်မှုများပူးပေါင်းဆောင်ရွက်နိုင်ရန် မန္တလေး-ဂျပန်ပွဲတော် ကျင်းပမည်




မြန်မာနဲ့ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် မန္တလေး-ဂျပန်ပွဲတော်ကို ဇွန်လ ၆ ရက်ကနေ ၇ ရက်အထိ မင်္ဂလာမန္တလေးမှာ ကျင်းပပြုလုပ်မယ်လို့ မြန်မာ-ဂျပန် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်း ( MABA) ကနေ သိရပါတယ်။

စီးပွားရေးလုပ်ငန်းခွင်အသီးသီးမှာ လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေဖို့ ဖွဲ့စည်းထားတဲ့ မြန်မာ-ဂျပန် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်းရဲ့ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေး – ဂျပန်ပွဲတော်ကို SMEs ဈေးရောင်းပွဲတော်နဲ့အတူ ကျင်းပမှာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီပွဲတော်မှာ SMEs ပြခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပြသမှာဖြစ်ပြီး ကုန်ထုတ်လုပ်မှုဆိုင်ရာပြခန်းတွေ၊ ဟိုတယ် ခရီးသွားလာရေးဆိုင်ရာပြခန်းတွေ၊ ပညာရေးဆိုင်ရာ ပြခန်းတွေ၊အလုပ်အကိုင်အခွင့်အလမ်းနဲ့ဆိုင်တဲ့ ပြခန်းတွေ ပါဝင်မယ်လို့ မြန်မာ-ဂျပန် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာ-ဂျပန် နှစ်နိုင်ငံယဉ်ကျေးမှုတွေကို အပြန်အလှန်ဖလှယ်ဖို့၊ နှစ်နိုင်ငံထုတ်ကုန်ပြပွဲတွေပြုလုပ်ပြီး ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံသူတွေအကြား Bussiness marching တွေ ပြုလုပ်နိုင်ဖို့နဲ့ မြန်မာ -ဂျပန် မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအသင်းရဲ့ ၁၀ နှစ်ပြည့်အခမ်းအနားပြုလုပ်ဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီပွဲတော်ကို ကျင်းပမှာဖြစ်တယ်လို့ ဆိုပါတယ်။

မန္တလေး-ဂျပန်ပွဲတော်မှာ မြန်မာ – ဂျပန် နှစ်နိုင်ငံယဉ်ကျေးမှု အကအလှဖျော် ဖြေရေးအစီအစဉ်တွေ၊ မြန်မာ့ရိုးရာ ဆင်အက၊ ဂျပန်ရိုးရာဝတ်စားဆင်ယင်မှုနဲ့ မန္တလေးမြို့ခံတွေရဲ့ ခေတ် ၃ ခေတ် ဝတ်စား ဆင်ယင်မှုတွေကို ဖျော်ဖြေတင်ဆက်သွားမယ်လို့လည်း သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မြန်မာနိုင်ငံထွက် ငှက်ပျောသီးများကို တရုတ်ဈေးကွက်သို့ စတင်တင်ပို့လျက်ရှိ



မြန်မာနိုင်ငံအတွင်းကထွက်ရှိသည့် ငှက်ပျောသီးများကို ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်ဈေးကွက်သို့ စတင် တင်ပို့လျက်ရှိကြောင်း တရုတ်သတင်းမီဒီယာတွေမှာ ဖော်ပြချက်အရ သိရပါတယ်။

မေ ၂၆ ရက်နေ့တွင် အလေးချိန် ၂၆ တ န်ရှိသည့် မြန်မာ ငှက်ပျောသီးများဟာ ကူမင်းအကောက်ခွန်ဌာန မွန်တင့် အကောက်ခွန်ရုံး၏ ကြီးကြပ်စစ်ဆေးမှုအောက်တွင် မွန်တင့်ချင်းရွှေဟော် နယ်စပ်ဂိတ်မှတစ်ဆင့် ပထမဆုံးအကြိမ် ဝင်ရောက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါမြန်မာငှက်ပျောသီးများ တင်သွင်းသည့်ကုမ္ပဏီအနေဖြင့် တစ်နှစ်လျှင် မြန်မာငှက်ပျောသီး တန်ချိန် ၂၀၀၀ တင်သွင်းရန်စီစဉ်ထားပြီး ချုံချင်နှင့် ချိန့်တူစသည့်ဒေသများသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း သိရပါတယ်။

ယခုကဲ့သို့ တရုတ်ဘက်သို့ ပထမဆုံးအသုတ်ငှက်ပျောသီးတင်သွင်းမှုကို လုံခြုံထိရောက်စွာ အကောက်ခွန် ရှင်းလင်းနိုင်ရန်အတွက် မွန်တင့်အကောက်ခွန်ရုံးသည် ကုမ္ပဏီနှင့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ပြီး “သီးသန့်တစ်ဦးချင်းစီ” ဝန်ဆောင်မှုလမ်းညွှန်မှုပေးကာ သီးနှံစစ်ဆေးရေးခွင့်ပြုချက်လျှော့ထားခြင်း၊ တင်သွင်းမှုကြေညာခြင်း စသည့် ကြိုတင်ပြင်ဆင်မှုများတွင် အကူအညီပေးခဲ့ကြောင်းလည်း သိရပါတယ်။

Source :https://opinionleadersmedia.com/

## သီလဝါဆိပ်ကမ်းဒေသအကွက်အမှတ် ၂၉ ရှိ ခေတ်မီသိုလှောင်ရုံအမှတ် (၁) လုပ်ငန်းစတင်




သီလဝါဆိပ်ကမ်းဒေသအကွက်အမှတ် ၂၉ ရှိ ခေတ်မီသိုလှောင်ရုံအမှတ်-၁ လုပ်ငန်းစတင်ပြီဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGD-PL) ၏ ခေတ်မီသိုလှောင်ရုံ အမှတ် (၁) လုပ်ငန်းစတင်ခြင်းအခမ်းအနားကို မေလ ၃၁ ရက်၊ နံနက်ပိုင်းတွင် သီလဝါဆိပ်ကမ်းဒေသရှိ အကွက်အမှတ် (၂၉) ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက နိုင်ငံ၏ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည့် Transit Trade နှင့် Transshipment လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သီလဝါဒေသဆိပ်ကမ်းများသည် အဓိက အားကိုးရာနေရာများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက် (MAGDPL) အနေဖြင့် သီလဝါဆိပ်ကမ်းဒေသတွင် နိုင်ငံတကာကုန်သွယ်မှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံဖြစ်သည့် ခေတ်မီ သိုလှောင်ရုံ ကြီးကိုအောင်မြင်စွာ တည်ဆောက်လည်ပတ်လုပ်ကိုင်နိုင်ပြီဖြစ်သည့်အတွက် ကျန်ရှိသည့် သိုလှောင်ရုံသုံးလုံးကိုလည်း အဆင့်လိုက်ရင်းနှီးမြှုပ်နှံတည်ဆောက်သွားရန်ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ သီလဝါဆိပ်ကမ်းဒေသရှိ တည်ဆောက်ဆဲနှင့်တည်ဆောက်ရန်ကျန်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## အောင်လံနှမ်းဈေး ကျဆင်းလာ

အောင်လံကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံဝင်ရောက်၍ နှမ်းနက်( စမုန် )၊ နှမ်းပြာ၊ နှမ်းဖြူနှင့် နှမ်းနီ စသည့် နှမ်းမျိုးစုံများအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။


၂၀၂၆ ခုနှစ်၊ မေလ ဒုတိယအပတ်တွင် နှမ်းနက်( စမုန်) ၄၅ ပိဿာ ၃ တင်းလျှင် ၆၅၀,၀၀၀ ကျပ်၊ နှမ်းပြာ ၄၅ ပိဿာ ၃ တင်းလျှင် ၆၁၀,၀၀၀ ကျပ်၊ နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းလျှင် ၄၂၀,၀၀၀ ကျပ်နှင့် နှမ်းနီ ၄၅ ပိဿာ ၃ တင်းလျှင် ၄၂၀,၀၀၀ ကျပ်ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၆ ခုနှစ်၊ မေလ တတိယအပတ်တွင် နှမ်းနက်( စမုန်) ၄၅ ပိဿာ ၃ တင်းလျှင် ၆၀၀,၀၀၀ ကျပ်၊ နှမ်းပြာ ၄၅ ပိဿာ ၃ တင်းလျှင် ၅၆၀,၀၀၀ ကျပ်၊ နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းလျှင် ၄၂၀,၀၀၀ ကျပ်နှင့် နှမ်းနီ ၄၅ ပိဿာ ၃ တင်းလျှင် ၄၂၀,၀၀၀ ကျပ်ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

နှမ်းဈေးနှုန်းများအား ၂၀၂၆ ခုနှစ်၊ မေလ ဒုတိယအပတ်နှင့် တတိယအပတ်တို့ နှိုင်းယှဉ်ရာတွင် နှမ်းနက်( စမုန်) ၄၅ ပိဿာ ၃ တင်းလျှင် ၅၀,၀၀၀ ကျပ်နှင့် နှမ်းပြာ ၄၅ ပိဿာ ၃ တင်းလျှင် ၅၀,၀၀၀ ကျပ်ဈေး ကျဆင်းလျက်ရှိနေကြောင်း အောင်လံကုန်စည်ဒိုင်သတင်းအရ သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရေစကြိုမြို့နယ်အတွင်း မတ်ပဲစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိ



မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊ရေစကြိုမြို့နယ်အတွင်း ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ CP ပြောင်းဖူးစေ့၊ ထောပတ်ပဲနှင့်မတ်ပဲသီးနှံများကို အများအပြား စိုက်ပျိုးလျက်ရှိသည်။

ရေစကြိုမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချင်းတွင်းမြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ကျေးရွာများတွင် သီးထပ်အဖြစ်နွေမတ်ပဲသီးနှံများကို ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင် စတင်စိုက်ပျိုး

ကူတုတ်ကျေးရွာတွင် မတ်ပဲဧက (၁၀၀)ခန့် စိုက်ပျိုးထားရှိပြီး ၅ ဧက စိုက်ပျိုးထားရှိသည့် တောင်သူတစ်ဦးက ယခင်နှစ် ၁ ဧက စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းချွေလှေ့ခ စုစုပေါင်းကုန်ကျ စရိတ်မှာ ကျပ် ၈ သိန်း မှ

ကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် ၁ ဧက စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းချွေလှေ့ခ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်း မှ ကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း ပြောသည်။

မတ်ပဲ (၁) ဧက ထွက်ရှိမှုအနေဖြင့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ အထွက်တင်းများ ကွာခြားလျက်ရှိသည်။

ယခင်နှစ်က မိမိအနေဖြင့် ၃ ဧကခန့် စိုက်ပျိုးခဲ့ရာ ၁ ဧကလျှင် ၂၂ တင်း ခန့် ထွက်ရှိခဲ့ပြီး ၁ တင်းလျှင် ကျပ် ၉၀,၀၀၀ ဖြင့် ရောင်းချခဲ့ရသည့်အတွက် အကျိုးအမြတ် ကျပ် ၉ သိန်းခန့် ရရှိခဲ့သည်။

ယခုနှစ်အနေဖြင့် ရာသီဥတုအခြေအနေကောင်းသောကြောင့် ၁ ဧကကို အထွက် ၂၅ တင်း ထွက်ရှိခဲ့ပြီး မတ်ပဲ ၁တင်းလျှင် ဈေးနှုန်းကျပ် ၉၃,၀၀၀ ဖြင့် ရောင်းချခဲ့ရသည့်အတွက် အကျိုးအမြတ်အနေဖြင့် ၁ ဧက ကျပ် ၈၂၅,၀၀၀ခန့်ရရှိကြောင်း သိရသည်။

**Source : DOCA(**မကွေး)

## ကွန်ရှီးဒေသနှင့် ရှန်ဟိုင်းမြို့များသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်းက ၅ ရက်ကြာခရီးစဉ် သွားရောက်

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Lee Hsien Loong သည် တရုတ်နိုင်ငံသို့ ၁၈-၅-၂၀၂၆ ရက်နေ့မှ ၂၂-၅-၂၀၂၆ ရက်နေ့အထိ ၅ ရက်ကြာခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ပြီး ကွန်ရှီးဒေသ၏ အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ဒေသတွင်းအဆင့်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းလာစေရန် အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ စင်ကာပူနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံအကြား စုစုပေါင်းကုန်သွယ်မှုမှာ စင်ကာပူဒေါ်လာ ၁၆၂ ဒသမ ၉ ဘီလီယံ၊ စင်ကာပူနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၁၁ ဒသမ၇ ရာခိုင်နှုန်းအထိရှိခဲ့သည်။

ထို့ပြင် ၂၀၁၃ ခုနှစ်မှ စတင်၍ စင်ကာပူနိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုစီးဝင်မှုပမာဏ(Investment flows)အရ တရုတ်နိုင်ငံတွင် အကြီးမားဆုံးသော ပြည်ပရင်းနှီးမြှုပ်နှံသည့်နိုင်ငံအဖြစ်လည်း ရပ်တည်ခဲ့သည်။

စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နေသော စီမံကိန်းကြီး ၃ ခု ရှိပြီး ၎င်းတို့မှာ ၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သည့် စူးကျိုးစက်မှုဥယျာဉ်(Suzhou Industrial Park)၊ ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သည့် စင်ကာပူ-တရုတ်တီယန်ကျင်း-ဂေဟစနစ်မြို့တော်(Sino-Singapore Tianjin Eco-City)နှင့် ၂၀၁၅ ခုနှစ်တွင်တည်ထောင်ခဲ့သည့် ချုံချင့်ပူးပေါင်းဆက်ဆံရေးအစီအစဉ်(Chongqing Connectivity Initiative)တို့ဖြစ်ကြသည်။

ဝန်ကြီးချုပ်ဟောင်း Lee Hsien Loong ၏ခရီးစဉ်အတွင်း ကွန်ရှီးဒေသသည် တရုတ်နိုင်ငံနှင့်အရှေ့တောင်အာရှကို ချိတ်ဆက်ပေးသည့် အဓိကတံခါးပေါက်တစ်ခုဖြစ်ပြီး အာဆီယံ-တရုတ်ချိတ်ဆက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် အလေးထားဆွေးနွေးသွားမည်ကြောင်း၊ ရှန်ဟိုင်းမြို့တွင် ၂၁-၅-၂၀၂၆ ရက်နေ့မှ ၂၂-၅-၂၀၂၆ ရက်နေ့အထိကျင်းပပြုလုပ်မည့် JPMorgan Global China Summit သို့ တက်ရောက်အမှာစကား ပြောကြားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

၂၀၂၅ ခုနှစ်အတွင်း စင်ကာပူနိုင်ငံနှင့် ကွန်ရှီးဒေသတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး ယွမ် ၁၃ ဒသမ ၈ ဘီလီယံ (စင်ကာပူဒေါ်လာ ၂ ဒသမ၆ ဘီလီယံ)၊ ကွမ်ရှီးဒေသတွင် စင်ကာပူနိုင်ငံ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံအထိအသီးသီးရှိခဲ့ပြီး ၂၀၂၅ ခုနှစ် တစ်နှစ်တည်းတွင်ပင် စီမံကိန်းအသစ် ၃၀ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း စင်ကာပူနိုင်ငံနှင့် ရှန်ဟိုင်းမြို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမှာ ၁၇ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပြီး ရှန်ဟိုင်းမြို့မှ စင်ကာပူနိုင်ငံသို့ ကုန်စည် ၂၉ ဒသမ၅ ရာခိုင်နှုန်းတိုးမြှင့်တင်ပို့နိုင်ခဲ့သည်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Lee Hsien Loong တရုတ်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်သည် စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်ဖြစ်ပြီး ကွန်ရှီးဒေသမှတစ်ဆင့် အာဆီယံ-တရုတ်

ချိတ်ဆက်မှုကို မြှင့်တင်ရန်၊ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲသောမိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းရန်ဖြစ်သည့်အတွက် နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းအတွက်ပါ ကောင်းမွန်ထိရောက်သော အကျိုးရလဒ်များရရှိလာနိုင်မည်ဖြစ်သည်။

**Source : The Business Times သတင်းစာ**

**(ဒေသနံ့၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## ဝါဂွမ်းသွင်းကုန်ခွန်ဖယ်ရှားပေးရန် လုပ်ငန်းရှင်များ၏ တောင်းဆိုချက်အပေါ် အိန္ဒိယအစိုးရက "အဆင့်မြင့်ဆွေးနွေးညှိနှိုင်းမှုများ" ပြုလုပ်နေ

ဝါဂွမ်းကုန်ကြမ်းတင်သွင်းမှုအပေါ် ကောက်ခံထားသည့် အကောက်ခွန် ၁၁ ရာခိုင်နှုန်းကို ဖယ်ရှားပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် အဆင့်မြင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ် ဆောင်ရွက်နေပြီး မကြာမီဆုံးဖြတ်ချက် ထွက်ပေါ်လာရန်မျှော်လင့်ရကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အထည်အလိပ်လုပ်ငန်းရှင်များကဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်တွင်း ကုမ္ပဏီများအပေါ် ကျရောက်နေသည့် ကုန်ကျစရိတ်ဖိအားများကို လျှော့ချနိုင်ရန် အဆိုပါအခွန်ကို ဖယ်ရှားပေးရန် တောင်းဆိုထားရှိမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး၊ အထည်အလိပ်နှင့်စိုက်ပျိုးရေးဝန်ကြီးဌာနများ အပါအဝင် ဝန်ကြီးဌာနအသီးသီးက အဆိုပါအခွန်ကိစ္စကို ဆွေးနွေးတိုင်ပင်လျက်ရှိသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့အနေဖြင့် မကြာမီ အဆိုပါဆွေးနွေးညှိနှိုင်းမှုများကို အပြီးသတ်နိုင်မည်ဟု မျှော်လင့်ကြောင်း အရာရှိတစ်ဦးက Press Trust of India (PTI)သတင်းဌာနသို့ ပြောကြားခဲ့သည်။

အဝတ်အထည်လုပ်ငန်းကိုယ်စားလှယ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မကြာသေးမီက ဒုတိယသမ္မတ C P Radhakrishnan၊ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကာ အဆိုပါအခွန်ကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြသည်။

ယခုနှစ်အတွက် အထည်အလိပ်လုပ်ငန်း၏ဝါဂွမ်းလိုအပ်ချက်မှာ ဘေလ် (bales) ၃၃၇ သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားသော်လည်း၊ ၂၀၂၅-၂၀၂၆ ရာသီအတွက် ဝါဂွမ်းဝင်ရောက်မှုမှာ ဘေလ် ၂၉၂ ဒသမ ၁၅ သိန်းသာရှိမည်ဟု ခန့်မှန်းထားသောကြောင့် ဘေလ် ၄၅ သိန်းခန့်လိုအပ်ချက်ရှိနေကြောင်း အဆိုပါကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့သည်။

အရည်အသွေးမြင့် ကုန်ကြမ်းရရှိမှု အကန့်အသတ်ရှိခြင်းနှင့် သွင်းအားစုစရိတ်များမြင့်တက်လာခြင်းတို့ကြောင့် အဆိုပါပြတ်လပ်မှုသည် ချည်ငင်စက်ရုံများနှင့် နောက်ဆက်တွဲအထည်အလိပ်ထုတ်လုပ်သူများအပေါ် ဖိအားများကျရောက်စေကြောင်း ၎င်းတို့က တင်ပြထားသည်။

**Source: Govt in 'advanced stage of consultation' on industry's demand for cotton import duty removal: The Economic Times: May 24, 2026.**

**(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

# STOCK EXCHANGE (1.6.2026)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th May. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,053 (Shares) | 135,604,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,500 | +0 | +0.00% | 16,500 | 17,000 | 16,500 | 395 | 6,530,000 | 33,109,694 | 546,310 |
| MTSH | 00002 | 7,800 | +300 | +4.00% | 7,500 | 7,800 | 7,500 | 5,812 | 44,377,300 | 38,929,150 | 303,647 |
| MCB | 00003 | 10,500 | +500 | +5.00% | 10,500 | 10,500 | 10,500 | 711 | 7,465,500 | 10,400,986 | 109,210 |
| FPB | 00004 | 5,200 | +100 | +1.96% | 5,100 | 5,300 | 5,100 | 9,242 | 48,156,900 | 31,144,738 | 161,953 |
| TMH | 00005 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 449 | 1,481,700 | 12,823,224 | 42,317 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 3,780 | 6,615,000 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,950 | 3,950 | 3,950 | 733 | 2,895,350 | 10,497,598 | 41,466 |
| MAEX | 00008 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 3,931 | 18,082,600 | 23,804,946 | 109,503 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th May. 2026

| Trading Volume | Trading Value |
|---|---|
| 25,874 (Shares) | 141,593,550 (MMK) |

### Main Board

As of 1:00 pm, 27th May. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,053 (Shares) | 135,604,350 (MMK) |

| MYANPIX | 711.36 ▲ 10.81 |
|---|---|
| Total Volume (shares) | 25,053 |
| Total Value (MMK) | 136 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,349,366 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,500 | ▲ 0 |
| MTSH | 00002 | 7,800 | ▲ 300 |
| MCB | 00003 | 10,500 | ▲ 500 |
| FPB | 00004 | 5,200 | ▲ 100 |
| TMH | 00005 | 3,300 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 50 |
| MAEX | 00008 | 4,600 | ▲ 0 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 17,045 (Shares) | 68,833,300 (MMK) |

### Main Board

As of 1:00 pm, 10th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,419 (Shares) | 58,034,650 (MMK) |

| MYANPIX | 542.14 ▲ 28.17 |
|---|---|
| Total Volume (shares) | 13,419 |
| Total Value (MMK) | 58 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,022,567 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 1,000 |
| MTSH | 00002 | 6,300 | ▲ 300 |
| MCB | 00003 | 8,600 | ▲ 100 |
| FPB | 00004 | 3,500 | ▲ 50 |
| TMH | 00005 | 3,350 | ▲ 200 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,500 | ▲ 50 |